မြန်မာနိုင်ငံ။ ။ သန်းခေါင်စာရင်းစစ်ခြင်းနှင့် ဧည့်စာရင်းတိုင်ခြင်းဆိုင်ရာ ဥပဒေသများကို ပယ်ဖျက်ပေးရန်

လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ လွတ်လပ်စွာ နေထိုင်နိုင်ခွင့်၊ လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့ စည်းနိုင်ခွင့်နှင့် အများနှင့်မပတ်သက်ဘဲ သီးခြားလွတ်လပ်ခွင့် များကို ကာကွယ်ရန်

(ရန်ကုန်၊ မေ ၂၈၊ ၂၀၁၆)- မြန်မာ့လွှတ်တော်အနေနှင့် အာဏာပိုင်များက အရပ်သားနေအိမ်များကို ဂရမ်းမဲ့ ရှာဖွေခြင်းနှင့် ရပ်ကွက်အတွင်းနေထိုင်သူတိုင်း မိမိတို့နေအိမ်များတွင် ညအိပ်နေထိုင်မည့် ဧည့်သည်များကို အစိုးရအရာရှိများထံတွင် စာရင်းပေးသွင်းရသည့် ကိစ္စများဆောင်ရွက်ရာတွင် အားပေးသည့် ဥပဒေသများကို ပယ်ဖျက်ပေးသင့်သည်ဟု Fortify Rights မှ ယနေ့ပြောကြားလိုက်သည်။

အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) သည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က အတည်ပြုခဲ့သည့် ယခင် ဥပဒေနှစ်ခုကို အစားထိုးထားသည့် ၂၀၁၂ ခုနှစ်တွင် အတည်ပြုခဲ့သော ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်ရန် အဆိုတင်သွင်းချက်ကို ဆွေးနွေးနေသည်။ ထိုဥပဒေအရ ဒေသခံများသည် ၎င်းတို့အိမ်တွင် ဧည့်သည်များ ညအိပ်နေမည့်အခါတွင် အစိုးရအရာရှိများထံ သတင်းပို့ရမည်ဖြစ်ပြီး ထိုဧည့်သည်များနှင့် ပတ်သက်သည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကိုလည်း တင်ပြရန်လိုအပ်သည်။ အာဏာပိုင်များအနေနှင့် "သန်းခေါင်စာရင်း စစ်ဆေးခြင်း" ဟု လူသိများသော ညဥ့်နက်ချိန်တွင် ရောင်တခင်စစ်ဆေးခြင်းများကို ပြုလုပ်ကာ ဧည့်စာရင်းတိုင်ရန် လိုအပ်ချက်ကို အသက်သွင်းသည်။ ထိုဥပဒေကို ဂင်ငွေနည်းသော အသိုင်းအဝိုင်းများ၊ လူမှုအသိုင်းအဝိုင်းဆိုင်ရာ အရပ်သားအဖွဲ့အစည်းများနှင့် အလုပ်တွဲလုပ်နေသော တသီးပုဂ္ဂလ ပုဂ္ဂိုလ်များနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ပစ်မှတ်ထားရာတွင် အသုံးပြုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD ပါတီ) မှ လွှတ်တော်ကိုယ်စားလှယ်များက ထိုဥပဒေကို လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ပြင်ဆင်ရန်အဆိုကို တင်သွင်းခဲ့သည်။ လွှတ်တော်တွင် ၂၅% နေရာရထားသည့် စစ်ဘက်လွှတ်တော်ကိုယ်စားလှယ်များက ထိုဥပဒေသည် "နိုင်ငံတော်လုံခြုံရေး"ကို အကာအကွယ်ပေးရန် လိုအပ်သည်ဟု ပြောဆိုကာ ထိုဥပဒေကို အပြောင်းအလဲလုပ်ရန် ဆန့်ကျင်ခဲ့သည်။

"လူ့အခွင့်အရေးကို အလေးထားသော ဒီမိုကရေစီစနစ်တွင် ဧည့်စာရင်းတိုင်ခြင်းနှင့် ဂရမ်းမဲ့ ရှာဖွေခြင်းများအတွက် နေရာမရှိပါ" ဟု Fortify Rights ၏ အလုပ်အမှုဆောင်ဒါရိုက်တာ မက်သရူးစမစ်မှ ပြောကြားလိုက်သည်။ "ဤဥပဒေသများသည် အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်ပြီး မြန်မာနိုင်ငံကို လုံခြုံမှုလျော့နည်းစေသည်။ လွှတ်တော်အနေနှင့် ဤဥပဒေသများကို အပြီးတိုင် ချက်ချင်းပယ်ဖျက်ပေးသင့်သည်။"

ထိုဥပဒေသည် မြန်မာနိုင်ငံသားအားလုံးအနေနှင့် ဧည့်သည်များကို ညအိပ်နေခွင့်ပြုရန် အာဏာပိုင်များဆီမှ ခွင့်ပြုချက်တောင်းရန်နှင့် မည်သူက၊ မည်သည့်နေရာတွင်၊ မည်မျှကြာအောင်နေမည်စသည့် အချက်အလက်များကို အစိုးရအရာရှိများ၏ လက်ထဲထည့်ရန် ထိထိရောက်ရောက် တောင်းဆိုထားသည်။ အာဏာပိုင်များအနေနှင့် အိမ်ထောင်စုတစ်ခုချင်းစီ၏ ဆယ်စုနှစ်နှင့်ချီသော အချက်အလက်များကို သိရှိနေသည့်အတွက် အများနှင့်မသက်ဆိုင်ဘဲလျှို့ဝှက်ပိုင်ခွင့် အခွင့်အရေးကို ချိုးဖောက်ရာကျပါသည်။

၂၀၁၂ ခုနှစ် ဥပဒေနှင့် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း (၆) ခုတွင် နေထိုင်သူ (၉၀) ဦးကို တွေ့ဆုံမေးမြန်းထားချက်များကို စိတ်ဖြာလေ့လာချက်အပေါ်တွင် အခြေခံထားသည့် "ညသန်းခေါင် ဂင်ရောက်စီးနင်းခြင်းများ : မြန်မာနိုင်ငံတွင် ဧည့်စာရင်းတိုင်ခြင်းနှင့် သန်းခေါင်စာရင်းစစ်ခြင်းများကို အဆုံးသတ်ရေး" ခေါင်းစဉ်ဖြင့် (၄၇) မျက်နှာရှိ အစီရင်ခံစာ တစ်စောင်ကို Fortify Rights မှ မတ်လ ၂၀၁၅ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုအစီရင်ခံစာတွင် အရာရှိများအနေနှင့် ဧည့်စာရင်းတို

င်ရန်လိုအပ်ချက်ကို မည်သို့ရွေးချယ်တွန်းအားပေးသည်၊ သန်းခေါင်စာရင်းများကို အသုံးပြုကာ လူမှုအသိုင်းအဝိုင်းဆိုင်ရာ အရပ်သားအဖွဲ့အစည်းများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအပါအဝင် အခြားသူတို့၏ လှုပ်ရှားမှုများကို မည်သို့ ထိန်းချုပ်အနှောင့်အယှက်ပေးကာ ကြားဝင်သည်ကို ဖော်ပြထားသည်။ ထို့ပြင် လုံလောက်သော စာရွက်စာတမ်းများနှင့် မြန်မာနိုင်ငံတွင် တရားဝင်နေထိုင်ခွင့် မရှိသူများသည် အခြားသူများကို မိမိအိမ်တွင် နေထိုင်ခွင့်ပေးခြင်း၊ အခြားသူများထံတွင် ညအိပ်တည်းခိုခြင်းများ ပြုလုပ်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ရပြီး အချို့ကိစ္စများတွင် မိမိတို့ကိုယ်ပိုင်နေအိမ်များတွင် ဧည့်သည်များအဖြစ် စာရင်းပေးနေထိုင်ရန် တွန်းအားပေးခြင်း ခံရသည်။

၂၀၁၂ တွင် အတည်ပြုသည့် ဧည့်စာရင်းတိုင်ရန်လိုအပ်ချက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာ ဥပဒေနှင့် မြန်မာနိုင်ငံရှိ ဒေသဆိုင်ရာ အစိုးရအရာရှိများမှ ထိုဥပဒေအား အသက်သွင်းခြင်းသည် လွပ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ လွပ်လပ်စွာနေထိုင်နိုင်ခွင့်၊ လွပ်လပ်စွာအသင်းဖွဲ့ ဖွဲ့ စည်းနိုင်ခွင့်နှင့် အများနှင့်မသက်ဆိုင်ဘဲလျို့ဝှက်ပိုင်ခွင့်များ အပါအဝင် နိုင်ငံတကာဥပဒေက အကာအကွယ်ပေးထားသည့် အခြေခံကျသော အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်ရာကျပါသည်။ ဤအခွင့်အရေးများကို ကန့်သတ်လိုပါက ကျိုးကြောင်းဆီလျော်သော ရည်မှန်းချက်တစ်ခု အကောင်အထည်ဖော်ရာတွင် လိုအပ်ပြီး အရေးပါမှသာ ကန့်သတ်နိုင်မည်။ ၂၀၁၂ ခုနစ် ဥပဒေအပိုဒ်ခွဲများသည် ဤသတ်မှတ်ချက်များနှင့် မကိုက်ညီသဖြင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် လိုက်လျောညီထွေမှုမရှိပါ။

မြန်မာတိုင်းမ်၏ အဆိုအရ စစ်ဘက်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး လှဝင်းအောင်မှ "ဤပုဒ်မများကို ဖယ်ရှားလိုက်ခြင်းသည် နိုင်ငံ၏ လုံခြုံရေးစည်းရိုးကို ဖျက်ဆီးလိုက်ခြင်းပင်ဖြစ်သည်။ တရားမဝင် ခိုးဝင်သူ ဘင်္ဂါလီများ၏ အန္တရာယ်မည်မျှကြီးသည်ကို သတိပြုမိရန် လိုအပ်သည်" ဟု လွှတ်တော်တွင် ပြောကြားခဲ့သည်။ မြန်မာနိုင်ငံရှိ အရာရှိများသည် များသောအားဖြင့် ရိုဟင်ဂျာ မွတ်စလင် လူနည်းစုကို ဘင်္ဂါလီဟု ရည်ညွှန်းလေ့ရှိကာ ထိုသူများသည် မြန်မာနိုင်ငံဇာတိမဟုတ်ဘဲ ဘင်္ဂလားဒေ့ရှ်မှ ဝင်ရောက်လာသူများဟု သွယ်ဝိုက်ဆိုလိုခြင်းဖြစ်သည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ပြဿနာတက်နိုင်သော ဥပဒေအပိုဒ်ခွဲများကို အများဆုံး အသုံးပြု ဆောင်ရွက်ကြသည်။ ဤအောက်ခြေအဆင့် အစိုးရဝန်ထမ်းများကို အင်အားကြီးပြီး ဗဟိုဖြစ်သော အထွေထွေ အုပ်ချုပ်ရေးဌာနက ကြီးကြပ်ပြီး ထိုဌာနကို ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် မြန်မာစစ်တပ်က ထိန်းချုပ်ထားသည်။

"ဤဆွေးနွေးမှုကို နိုင်ငံတော်လုံခြုံရေးကိစ္စတစ်ရပ်အဖြစ် ပုံဖော်လိုက်ခြင်းသည် စစ်တပ်၏ မရိုးသားမှုသာဖြစ်သည်" ဟု မက်သရူးစမစ်မှ ပြောကြားလိုက်သည်။ "စစ်တပ်အနေနှင့် ဤဥပဒေကို လူ့အခွင့်အရေးနှင့် အခြေခံကျသော လွပ်လပ်ခွင့်များကို ကာကွယ်ရာတွင် အသုံးပြုရမည့်အစား ဖိနှိပ်မှုများပြုလုပ်ရာတွင် အသုံးပြုလာသည်မှာ အချိန်ကြာလွန်းလှပြီဖြစ်သည်။"

မြန်မာ့လွှတ်တော်အနေနှင့် ၂၀၁၂ ခုနစ် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေ ပုဒ်မ (၁၃) (ဆ) နှင့် (ဇ)၊ (၁၃) (ပ)၊ (၁၇) နှင့် (၃၃) တို့ကို ပယ်ဖျက်ပေးသင့်သည်ဟု Fortify Rights မှ ပြောကြားလိုက်သည်။

ပုဒ်မ (၁၃) (ဆ) နှင့် (ဇ) သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား မိမိ၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်း လာရောက်နေထိုင်သူ ဧည့်သည်များကို စာရင်းသွင်းရန်၊ ဧည့်စာရင်းစစ်ရန်နှင့် ဥပဒေမလိုက်နာသူများကို အရေးယူရန် တွန်းအားပေးထားသည်။ ပုဒ်မ ၁၃ (ပ) သည် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဝေဝါးပြီး ကြီးမားသော ကိုယ်တိုင်ဆုံးဖြတ်နိုင်ခွင့် အာဏာပေးပြီး သန်းခေါင်စာရင်းစစ်ရာတွင် အုပ်ချုပ်ရေးမှူးများအား "စစ်ဆေးရန် လိုအပ်သည့်နေရာများကို တရားဥပဒေနှင့် အာဏာစက်ပျံ့ နှံ့ စေရန်နှင့် စည်းကမ်းလိုက်နာရေးရှိစေရန် အကြိမ်ကြိမ်ဝင်ရောက် စစ်ဆေးပိုင်ခွင့်" ပေးထားသည်။

ပုဒ်မ (၁၇) အရ မည်သည့်ဒေသခံမဆို အခြားရပ်ကွက် သို့မဟုတ် ကျေးရွာမှ တစ်စုံတစ်ယောက် မိမိတို့ဒေသတွင် ညအိပ်တည်းခိုရန် အစီအစဉ်ရှိကြောင်းသိပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးထံ တိုင်ကြားရမည်။ ထိုဒေသခံသည် ဧည့်သည်ထွက်ခွာချိန်တွင်လည်း တရားဥပဒေနှင့်အညီ အုပ်ချုပ်ရေးမှူးကို အသိပေးရမည်။

မြန်မာအစိုးရအနေနှင့်လည်း ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများကို ယခင်ဧည့်စာရင်းမှတ်တမ်းများအားလုံးနှင့် ဧည့်စာရင်းတိုင်ချိန်တွင် စုဆောင်းထားသည့် အခြားသတင်းအချက်အလက်များကို ပယ်ဖျက်ပစ်ရန် အမိန့်ပေးပြီး အထူးသဖြင့် အများနှင့်မသက်ဆိုင်ဘဲလျှို့ဝှက်ပိုင်ခွင့်ကို ကာကွယ်ရန် ဥပဒေများ ရေးဆွဲပေးသင့်သည်။ ထို့ပြင် မြန်မာနိုင်ငံအနေနှင့် သက်ဆိုင်ရာအာဏာပိုင်မှ အမှုတစ်ခုချင်းစီပေါ်တွင် အခြေခံသော သို့မဟုတ် ဖြစ်ဆဲ သို့မဟုတ် ဖြစ်အံ့ဆဲဆဲ ရာဇဝတ်မှုများကို ကာကွယ်ရန် သို့မဟုတ် စုံစမ်းစစ်ဆေးရန် ထုတ်ပေးသည့် ဝရမ်းပါမှသာ လူ သို့မဟုတ် နေထိုင်ရာနေရာကို တရားဝင် ရှာဖွေခွင့်ရှိစေရန် လိုအပ်သည်။

"ဧည့်စာရင်းတိုင်ကြားခြင်းကိစ္စနှင့် ဝရမ်းမဲ့ရှာဖွေခြင်းများသည် ခြိမ်းခြောက်မှုနှင့်ကြောက်ရွံ့မှု အခြေအနေကို ဖြစ်ပေါ်စေကာ ပြည်သူတို့အား လူ့အခွင့်အရေးရှိခံစားနိုင်ခြင်းမှ ဟန့်တားထားသည်" ဟု မက်သရူးစမစ်မှ ပြောကြားလိုက်သည်။ "NLD အဖွဲ့ဝင် အတော်များများကိုယ်တိုင် ဤဥပဒေ၏ ဆိုးကျိုးများကို ခံစားရပြီးဖြစ်သည်။ သူတို့က ဘာတွေဆုံးရှုံးရဖို့ ရှိသည်ကို သိကြသည်။"

ထပ်မံသိလိုသည်များ ရှိပါက အောက်ပါတာဝန်ရှိသူထံ ဆက်သွယ်နိုင်ပါသည်။

Matthew Smith, Executive Director, Fortify Rights, +66.85.028.0044
matthew.smith@fortifyrights.org; Twitter: @matthewfsmith@FortifyRights